ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၁ ခုနှစ်

# ဥပဒေများ၊ အမိန့်နှင့် ကြေညာချက်များ

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

၂၀၀၁ ခုနှစ်

# ဥပဒေများ၊ အမိန့်နှင့် ကြေညာချက်များ

# မာတိကာ

အမှတ်စဉ် အကြောင်းအရာ

## ဥပဒေများ


၁။ ၂၀၀၁ ခုနှစ်၊ရှေ့နေချုပ်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၁/၂၀၀၁) ... ၃

၂။ နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၂/၂၀၀၁) .... ၁၃

၃။ ၂၀၀၁ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်ဘဏ္ဍာငွေ
ခွဲဝေသုံးစွဲရေးဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၃/၂၀၀၁) ... ၁၇

၄။ ၂၀၀၁ခုနှစ်၊နိုင်ငံတော်၏ဘဏ္ဍာငွေအရအသုံး
ဆိုင်ရာဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၄/၂၀၀၁) ...၂၇

၅။ မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့်
ဥပဒေ
(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၅/၂၀၀၁) ... ၆၅

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အမိန့်** | |
| ၆။ | တာဝန်မှ ရပ်စဲခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အမိန့်အမှတ် ၁/၂၀၀၁) | ... ၆၉ |
| | **ကြေညာချက်များ** | |
| ၇။ | အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၁/၂၀၀၁) | ... ၇၃ |
| ၈။ | တာဝန်မှ ရပ်စဲခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၂/၂၀၀၁) | ... ၇၇ |
| ၉။ | အစိုးရအဖွဲ့ဝင်ဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၃/၂၀၀၁) | ... ၈၁ |
| ၁၀။ | တာဝန်မှ အနားယူခွင့်ပြုခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၄/၂၀၀၁) | ... ၈၅ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ကာဝန်မှ ရပ်စဲခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၅/၂၀၀၁) | ... ၈၉ |
| ၁၂။ | တာဝန်မှ ရပ်စဲခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၆/၂၀၀၁) | ... ၉၃ |
| ၁၃။ | တာဝန်မှအနားယူခွင့်ပြုခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၇/၂၀၀၁) | ... ၉၇ |
| ၁၄။ | တာဝန်မှအနားယူခွင့်ပြုခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၈/၂၀၀၁) | ...၁၀၁ |
| ၁၅။ | အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၉/၂၀၀၁) | ...၁၀၅ |
| ၁၆။ | အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၁၀/၂၀၀၁) | ...၁၀၉ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | အစိုးရအဖွဲ့ဝင်ဝန်ကြီး ပြောင်းလဲတာဝန်ပေးခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၁၁/၂၀၀၁) | ...၁၁၃ |
| ၁၈။ | ဝန်ကြီးဌာနတာဝန်ပူးတွဲထမ်းဆောင်စေခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၁၂/၂၀၀၁) | ...၁၁၇ |
| ၁၉။ | ဝန်ကြီးဌာနတာဝန်ပူးတွဲထမ်းဆောင်စေခြင်း (နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ကြေညာချက်အမှတ် ၁၃/၂၀၀၁) | ...၁၂၀ |

# ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ် ဥပဒေ

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

**၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ် ဥပဒေ**

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ**

**အမှတ် ၁/ ၂၀၀၁)**

၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်

၁။ ဤဥပဒေကို ၂၀၀၁ ခုနှစ်၊ ရှေ့နေချုပ်ဥပဒေဟု ခေါ်တွင်စေရမည်။

အခန်း(၂)

ရှေ့နေချုပ်နှင့် ဒုတိယရှေ့နေချုပ်ခန့်ထားခြင်း

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ဤဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန်အလို့ငှာ ရှေ့နေချုပ် တစ်ဦးနှင့် ဒုတိယရှေ့နေချုပ်တစ်ဦးတို့ကို ခန့်ထားရမည်။

အခန်း(၃)

ရှေ့နေချုပ်၏ တာဝန်များ

၃။ ရှေ့နေချုပ်၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကဖြစ်စေ၊ အစိုးရအဖွဲ့ကဖြစ်စေ၊ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ ဥပဒေအကြံဉာဏ်တောင်းခံပါက ဥပဒေ အကြံဉာဏ်ပေးခြင်း၊

(ခ) ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဂ) အစိုးရက တရားလို သို့မဟုတ် တရားပြိုင်အဖြစ်ပါဝင်သော တရားမမှုများတွင် အစိုးရဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဃ) တရားရုံးအဆင့်ဆင့်၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက တရားရုံးချုပ်သို့ လိုအပ်သလို အယူခံမှု၊ အထူးအယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှု တင်သွင်းခြင်း၊

(င) ဥပဒေများ စိစစ်ခြင်း၊ ရေးဆွဲခြင်းနှင့် ဘာသာပြန်ဆိုခြင်း၊

(စ) အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် ဒေသဆိုင်ရာ သဘောတူစာချုပ်များတွင် နိုင်ငံတော်က ပါဝင်ရန် သင့်မသင့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဆ) နိုင်ငံအချင်းချင်းချုပ်ဆိုသည့်သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ၊ သဘောတူညီချက်မှတ်တမ်းများ၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာချုပ်စာတမ်းများ၊ အခြားစာချုပ်စာတမ်းများနှင့်စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများအား ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ဇ) အစိုးရဌာန အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိပါက သက်ဆိုင်ရာသို့ညွှန်ပြခြင်း၊

(ဈ) ပြည်သူများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်နှင့် အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ခြင်း၊

(ည) ရှေ့နေချုပ်ရုံး၊ ဥပဒေရုံးအဆင့်ဆင့်နှင့် ဥပဒေအရာရှိများအား လမ်းညွှန်ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဋ) တည်ဆဲဥပဒေနှင့် နည်းဥပဒေများအရဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် ညွှန်ကြားချက်များအရဖြစ်စေ သတ်မှတ်ထားသော အခြားတာဝန်များ ထမ်းဆောင်ခြင်း၊

(ဌ) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပေးအပ်သော အခြားတာဝန်များထမ်းဆောင်ခြင်း။

## အခန်း(၄)

## ရှေ့နေချုပ်၏ လုပ်ပိုင်ခွင့်များ

၄။ ရှေ့နေချုပ်၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဒုတိယရှေ့နေချုပ်၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊

(ခ) တရားရုံးတွင် တရားစွဲဆိုထားသောပြစ်မှုဆိုင်ရာအမှုတွင် စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ၊ အမှုတစ်ရပ်လုံးကိုဖြစ်စေ လိုအပ်ပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဂ) ပြစ်မှုဆိုင်ရာအမှုပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ခြင်း၊

(ဃ) တရားရုံးက အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရောက်သင့်သည်ဟုယူဆပါက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေအရ တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းခြင်း၊

(င) ဥပဒေရေးရာနှင့်စပ်လျဉ်း၍ ကြည့်ရှုစိစစ်ရန် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ လိုအပ်သည့်

အမိန့်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ ဆောင်ရွက်ချက်များ၊ အမှုတွဲများနှင့်အခြားစာရွက်စာတမ်းများကို တောင်းယူခြင်း၊

(စ) အများပြည်သူဆိုင်ရာ လူ့ဒါန်းမှုနှင့်စပ်လျဉ်း၍ တရားစွဲဆိုနိုင်ရန် တရားမကျင့်ထုံးဥပဒေအရ ခွင့်ပြုမိန့်ထုတ်ပေးခြင်း။

၅။ ရှေ့နေချုပ်သည် မိမိအား ပုဒ်မ ၃ နှင့် ၄ တို့အရအပ်နှင်းထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဥပဒေအရာရှိများအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

## အခန်း(၅)

## ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့် ဖွဲ့စည်းခြင်း

၆။ ရှေ့နေချုပ်သည်–

(က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ရှေ့နေချုပ်ရုံး၊

(၂) ပြည်နယ်၊ တိုင်း ဥပဒေရုံး၊

(၃) ခရိုင်ဥပဒေရုံး၊

(၄) မြို့နယ်ဥပဒေရုံး ။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက ရှေ့နေချုပ်ရုံး၊ ရုံးခွဲနှင့် ပြည်နယ်၊ တိုင်းဥပဒေရုံး၊ ရုံးခွဲများကို ဖွဲ့စည်းနိုင်သည်။

(ဂ) ရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်တွင် လိုအပ်သော ဥပဒေအရာရှိအင်အားနှင့် ဝန်ထမ်းအင်အားတို့ကို ဖွဲ့စည်းပုံဖြင့် သတ်မှတ်ထားရှိရမည်။

## အခန်း(၆)

## ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များ

၇။ ရှေ့နေချုပ်ရုံးရှိ ဥပဒေအရာရှိများသည် ရှေ့နေချုပ်ကလွှဲအပ်ပေးသည့် လုပ်ငန်းတာဝန်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၈။ ရှေ့နေချုပ်ရုံးရှိဥပဒေအရာရှိများသည် ဥပဒေစာအုပ်စာတမ်းများ၊ ဥပဒေလက်စွဲများ၊ စာစောင်များပြုစုခြင်းနှင့် ထုတ်ဝေခြင်းများကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၉။ ဥပဒေရုံးအဆင့်ဆင့်ရှိ ဥပဒေအရာရှိများသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုက ဖြစ်စေ၊ ဥပဒေ အကြံဉာဏ်တောင်းခံပါက ဥပဒေအကြံဉာဏ်ပေးခြင်း၊

(ခ) ပြစ်မှုဆိုင်ရာအမှုများတွင် နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဂ) အစိုးရက တရားလို သို့မဟုတ် တရားပြိုင်အဖြစ် ပါဝင်သော တရားမမှုများနှင့်စပ်လျဉ်း၍ ဥပဒေအကြံဉာဏ်ပေးခြင်းနှင့် အစိုးရဘက်မှ လိုက်ပါဆောင်ရွက်ခြင်း၊

(ဃ) ပြစ်မှုဆိုင်ရာအမှုများကို တရားစွဲဆိုခြင်းမပြုမီ ဥပဒေနှင့်အညီ ဖြစ်စေရန် စိစစ်ခြင်းနှင့် ဥပဒေအကြံဉာဏ်ပေးခြင်း၊

(င) ဥပဒေရုံး၏ ဥပဒေအကြံဉာဏ်ပေးချက်နှင့်အညီ သက်ဆိုင်ရာ တရားစွဲအဖွဲ့အစည်းက လိုက်နာဆောင်ရွက်ခြင်း ရှိမရှိ စိစစ်တင်ပြခြင်း၊

(စ) တရားစွဲအဖွဲ့အစည်းက ချုပ်မိန့်တောင်းခံသည့်အခါ တည်ဆဲဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်ခြင်း၊

(ဆ) ပြစ်မှုဆိုင်ရာအမှုများတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့်အညီ အစိုးရသက်သေပြုလုပ်၍ တရားစွဲဆိုခြင်းမှ လွတ်ငြိမ်းခွင့်ပေးရန် ဆုံးဖြတ်ခြင်း၊

(ဇ) တရားရုံးတွင် တရားစွဲဆိုထားသော ပြစ်မှုဆိုင်ရာအမှုတွင် စွဲချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တရားခံတစ်ဦးဦးကိုဖြစ်စေ၊ အမှုတစ်ရပ်လုံးကိုဖြစ်စေ ပြန်လည်ရုပ်သိမ်းရန် သင့်မသင့် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ဈ) ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ခြင်းနှင့် ဆုံးဖြတ်ခြင်း၊

(ည) သေဒဏ်ထိုက်သင့်သော ပြစ်မှုဆိုင်ရာအမှုကို ကျူးလွန်ကြောင်း စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့်တရားခံအတွက် တရားရုံးတွင် လိုက်ပါဆောင်ရွက်ရန် ရှေ့နေငှားရမ်းပေးခြင်း၊

(ဋ) ဥပဒေအရာရှိ လိုက်ပါဆောင်ရွက်သော ပြစ်မှုဆိုင်ရာအမှုတွင် တရားလိုဘက်မှငှားရမ်းသည့် ပြင်ပရှေ့နေအား သတ်မှတ်ချက်များနှင့်အညီ ကြီးကြပ်ခြင်း၊

(ဌ) တရားရုံး၏စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိဟု ယူဆပါက သက်ဆိုင်ရာတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်း၊

(ဥ) တရားရုံးက အပြီးအပြတ်လွှတ်သည့်အမိန့်ကို အယူခံဝင်ရောက်သင့်သည်ဟုယူဆပါက သတ်မှတ်ချက်များနှင့်အညီ ရှေ့နေချုပ်ရုံးသို့ တင်ပြခြင်း၊

(ဎ) ရှေ့နေချုပ်က ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း ။ ။

အခန်း(၇)

အထွေထွေ

၁၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် ရှေ့နေချုပ်သည်-

(က) လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည် ။

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည် ။

၁၁။ ရှေ့နေချုပ်ဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေ အမှတ် ၃/၈၈) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၂/ ၂၀၀၁)

၁၃၆၂ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံရေးပင်စင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံရေးပင်စင်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) တို့ကို အောက်ပါ ပုဒ်မခွဲ (က)နှင့် ပုဒ်မခွဲ (ခ) တို့ဖြင့် အစားထိုးရမည်-

(က) နိုင်ငံရေးတာဝန်ထမ်းဆောင်ခဲ့သော ကာလစုစုပေါင်း အနည်းဆုံး ၄ နှစ်ပြည့်မှသာ နိုင်ငံရေးဆုငွေခံစားခွင့်ရှိသည်။ သို့ရာတွင် နိုင်ငံရေးဆုငွေကို နိုင်ငံရေးတာဝန်ဆက်လက်ပေးအပ်ခြင်း မခံရသည့် အခါမှသာ ခံစားခွင့်ရှိသည်။ နိုင်ငံရေးဆုငွေကိုတွက်ချက်ရာတွင် နိုင်ငံရေး တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွက် တစ်နှစ်လျှင် နိုင်ငံရေးတာဝန်အရ သတ်မှတ်ထားသောလစာ တစ်လအတွက်နှင့်ညီမျှသော နိုင်ငံရေးဆုငွေကို တွက်ချက်ရမည်။

(ခ) နိုင်ငံရေးတာဝန်ကိုကျေပွန်စွာထမ်းဆောင်ခဲ့ပြီး ကျန်းမာရေးကြောင့် ဖြစ်စေ၊ ထိခိုက်ဒဏ်ရာရ၍ဖြစ်စေ၊ စည်းရုံးရေးအရဖြစ်စေ တာဝန်ဆက်လက်ပေးအပ်ခြင်းမခံရလျှင် သို့မဟုတ် ကွယ်လွန်လျှင် တာဝန်ထမ်းဆောင်ခဲ့သည့် ကာလသတ်မှတ်ချက်မထားပဲ နိုင်ငံရေးတာဝန်ကို ထမ်းဆောင်သည့် ကာလအတွက် နိုင်ငံရေးဆုငွေကို ခံစားခွင့်ရှိသည်။ နိုင်ငံရေးဆုငွေကို တွက်ချက်ရာတွင် နိုင်ငံရေးတာဝန် ထမ်းဆောင်ခဲ့သည့် ကာလအတွက် တစ်နှစ်လျှင် နိုင်ငံရေးတာဝန်အရ သတ်မှတ်ထားသောလစာ တစ်လအတွက်နှင့် ညီမျှသော နိုင်ငံရေးဆုငွေကို တွက်ချက်ရမည်။

၃။ ဤဥပဒေ ပုဒ်မ ၂ ပါ နိုင်ငံရေးဆုငွေနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ စတင်၍ အကျိုးသက်ရောက်စေရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၁ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ်
# ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၁ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ် ၃/ ၂၀၀၁)

၁၃၆၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၈ ရက်

(၂၀၀၁ ခုနှစ်၊ မတ်လ ၁၆ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)
### အမည်နှင့် အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၀၁ ခုနှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၀၀-၂၀၀၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

### အခန်း(၂)
### နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များနှင့်

စပ်လျဉ်း၍ ဖယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီး သည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိ လက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း(၃)

## ငွေချေးယူခြင်း

၄။ ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ တွင်ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ်ကျပ်သန်း ငါးသောင်း တိုးမြှင့် လျာထားလိုက်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ်

ဇယား (၁)

| အမှတ်စဉ် | ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အဝိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေ အတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၂၁၆,၈၅၀,၀၀၀ | | | ၂၇၇,၅၅၆,၃၀၀ | | | | |
| ၂ | ၂ | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် | ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉,၇၅၆,၀၀၀ | | | ၁၅,၂၁၈,၀၀၀ | | | | |
| ၃ | ၃ | အစိုးရအဖွဲ့ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန် ပေးသူ | ၂၅,၆၀၅,၀၀၀ | | | ၃,၈၉၈,၀၀၀ | | | | |
| ၄ | ၄ | တရားသူကြီးချုပ် | တရားသူကြီးချုပ် သို့မဟုတ် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၃၀၄,၀၄၁,၀၀၀ | | | ၇,၉၉၆,၈၀၀ | | | | |
| ၅ | ၅ | ရှေ့နေချုပ် | ရှေ့နေချုပ် သို့မဟုတ် ရှေ့နေချုပ်က တာဝန် ပေးသူ | ၁၇၅,၈၈၈,၀၀၀ | | | ၆,၇၂၀,၀၀၀ | | | | |
| ၆ | ၆ | စာရင်းစစ်ချုပ် | စာရင်းစစ်ချုပ် သို့မဟုတ် စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၃၁၈,၁၃၁,၀၀၀ | | | ၁၃,၃၃၆,၉၀၀ | | | | |
| | | ပေါင်း ... | | ၁,၀၅၀,၂၇၁,၀၀၀ | | | ၃၂၄,၇၂၆,၀၀၀ | | | | |

| အမှတ်စဉ် | ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံခြားရေး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၅၈,၀၈၉,၀၀၀ | ... | ၁,၅၄၆,၀၀၀ | ၃၇,၃၉၂,၅၀၀ | | | | |
| ၂ | ၂ | ကာကွယ်ရေး | ၎င်း | ၁၇,၈၉၉,၃၅၃,၄၀၀ | ... | .... | ၇,၆၈၅,၉၁၅,၀၀၀ | | | | |
| ၃ | ၄ | နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး | ၎င်း | ၃၀၅,၃၈၅,၀၀၀ | .... | ၇၁၁,၈၀၈,၂၀၀ | ၂၁၉,၉၂၄,၀၀၀ | | | | |
| ၄ | ၅ | ပြည်ထဲရေး | ၎င်း | ၄,၃၈၁,၈၅၅,၉၀၀ | .... | ၅၇,၈၂၅,၀၀၀ | ၃၈,၅၂၈,၀၀၀ | | | | |
| ၅ | ၆ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား | ၎င်း | ၃၄၈,၂၄၁,၂၀၀ | .... | .... | ၃၆,၂၅၈,၈၀၀ | | | | |
| ၆ | ၇ | သာသနာရေး | ၎င်း | ၁၇၈,၇၄၃,၀၀၀ | .... | ၃၇,၃၁၃,၀၀၀ | ၉၁,၀၀၀,၀၀၀ | | | | |
| ၇ | ၈ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး | ၎င်း | ၂၁၀,၉၀၀,၀၀၀ | .... | ၄၀,၀၆၃,၀၀၀ | ၅၂,၆၃၀,၀၀၀ | | | | |
| ၈ | ၉ | ပြန်ကြားရေး | ၎င်း | ၁၈၁,၃၄၈,၂၀၀ | .... | .... | ၁၁၂,၂၇၄,၁၃၀ | | | | |
| ၉ | ၁၀ | ယဉ်ကျေးမှု | ၎င်း | ၁၁၉,၈၈၄,၀၀၀ | .... | .... | ၈၁,၅၁၉,၀၀၀ | | | | |
| ၁၀ | ၁၁ | ပညာရေး | ၎င်း | ၁၃,၈၃၄,၆၄၆,၀၀၀ | .... | .... | ၂,၄၀၇,၁၇၃,၈၈၀ | | | | |
| ၁၁ | ၁၂ | ကျန်းမာရေး | ၎င်း | ၂,၈၇၆,၂၈၀,၀၀၀ | .... | ၄၂၀,၀၀၀ | ၁,၂၀၉,၈၇၄,၀၀၀ | | | | |
| ၁၂ | ၁၃ | အားကစား | ၎င်း | ၁၄၀,၂၁၃,၂၀၀ | .... | .... | ၁၄,၂၀၁,၄၀၀ | | | | |
| ၁၃ | ၁၄ | အလုပ်သမား | ၎င်း | ၈၇,၅၃၀,၀၀၀ | .... | .... | ၂,၉၀၀,၀၀၀ | | | | |
| ၁၄ | ၁၅ | သစ်တောရေးရာ | ၎င်း | ၁,၀၀၃,၁၅၅,၀၀၀ | .... | ၄၁၉,၁၀၀ | ၃၅၀,၉၃၆,၀၀၀ | | | | |
| ၁၅ | ၁၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၂,၂၂၉,၅၇၈,၀၀၀ | .... | .... | ၇,၂၈၅,၅၇၉,၇၃၀ | | | | |
| ၁၆ | ၁၇ | မွေးမြူရေးနှင့်ရေလုပ်ငန်း | ၎င်း | ၅,၂၃၈,၁၁၆,၆၀၀ | .... | .... | .... | | | | |
| ၁၇ | ၁၈ | သတ္တုတွင်း | ၎င်း | ၇၅,၉၉၂,၀၀၀ | .... | ... | .... | | | | |

| အမှတ်စဉ် | ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါအမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁၈ | ၁၉ | အမှတ် (၁) စက်မှု | ဝန်ကြီးချုပ်သို့မဟုတ် ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၆၄,၂၃၅,၀၀၀ | .... | .... | ၉၃,၄၄၇,၀၀၀ | | | | |
| ၁၉ | ၂၀ | အမှတ် (၂) စက်မှု | ၎င်း | ၂၂,၉၈၄,၀၀၀ | .... | .... | .... | | | | |
| ၂၀ | ၂၁ | သိပ္ပံနှင့် နည်းပညာ | ၎င်း | ၄၅၇,၀၈၀,၀၀၀ | .... | .... | ၈,၇၃၆,၉၉၄,၀၀၀ | | | | |
| ၂၁ | ၂၂ | စွမ်းအင် | ၎င်း | ၁၃,၇၃၄,၄၀၀ | .... | ၁,၁၄၇,၈၉၀ | ... | | | | |
| ၂၂ | ၂၃ | လျှပ်စစ်စွမ်းအား | ၎င်း | ၇,၅၁၆,၀၀၀ | .... | .... | ... | | | | |
| ၂၃ | ၂၄ | ဆောက်လုပ်ရေး | ၎င်း | ၃,၇၁၆,၂၇၉,၀၀၀ | .... | .... | ၆,၄၉၃,၈၉၂,၀၀၀ | | | | |
| ၂၄ | ၂၅ | ပို့ဆောင်ရေး | ၎င်း | ၂၃၈,၈၇၈,၀၀၀ | ၅,၈၅၆,၀၀၀ | .... | ၇၀၀,၅၅၈,၀၀၀ | | ၄၈,၇၅၀,၀၀၀ | | |
| ၂၅ | ၂၆ | ရထားပို့ဆောင်ရေး | ၎င်း | ၁၀၉,၇၃၅,၀၀၀ | .... | .... | ၅,၄၀၀,၀၀၀ | | | | |
| ၂၆ | ၂၇ | ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း | ၎င်း | ၇,၀၁၈,၀၀၀ | .... | .... | ၉၆,၀၀၀ | | | | |
| ၂၇ | ၂၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၆၉,၀၀၈,၀၀၀ | .... | .... | ၄,၇၃၃,၀၀၀ | | | | |
| ၂၈ | ၂၉ | ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း | ၎င်း | ၁၀,၇၃၂,၃၀၀ | .... | .... | .... | | | | |
| ၂၉ | ၃၀ | သမဝါယမ | ၎င်း | ၅၁၀,၇၆၅,၉၀၀ | .... | ၆,၅၄၄,၃၁၀ | ၃,၄၃၂,၆၀၀ | | | | |
| ၃၀ | ၃၁ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၂၇၄,၁၃၀,၈၁၀ | .... | ၄၅,၇၀၀ | ၄၂,၀၄၃,၀၀၀ | | | | |
| ၃၁ | ၃၂ | ဘဏ္ဍာရေးနှင့် အခွန် | ၎င်း | ၄၈၄,၃၈၇,၀၀၀ | ၅,၇၀၀,၀၀၀,၀၀၀ | ၃,၅၀၅,၈၂၂,၀၀၀ | ၃၇,၀၇၈,၇၀၀ | ၆,၃၅၀,၀၀၀ | | | |
| ၃၂ | ၃၃ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | ၂,၆၅၂,၀၀၀,၀၀၀ | .... | .... | .... | ... | ... | | |
| ၃၃ | ၃၄ | ဆုငွေများနှင့် တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | ၁,၉၃၆,၀၀၀,၀၀၀ | ... | ... | ... | | | | |
| | | ပေါင်း ... | | ၁၉,၇၄၄,၇၉၃,၉၁၀ | ၅,၇၀၅,၈၅၆,၀၀၀ | ၄,၃၆၂,၉၅၄,၂၀၀ | ၂၀,၈၂၃,၁၁၀,၇၄၀ | ၆,၃၅၀,၀၀၀ | ၄၈,၇၅၀,၀၀၀ | | |

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေ အတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၆၄,၆၈၇,၂၉၇,၅၀၀ | | | ၆,၄၁၃,၃၆၄,၁၇၀ | | ၈၉,၈၂၈,၆၀၀ | | |
| | | ပေါင်း | | ၆၄,၆၈၇,၂၉၇,၅၀၀ | | | ၆,၄၁၃,၃၆၄,၁၇၀ | | ၈၉,၈၂၈,၆၀၀ | | |

| မှတ်စဉ် | ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရ အသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့် သုံးငွေ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
| | | | | | | | | အတိုးနှင့် အရစ်ကျငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၇,၂၈၈,၈၀၀ | | | ၂၀,၆၉၅,၀၀၀ | | | | |
| | | ပေါင်း .... | | ၂၇,၂၈၈,၈၀၀ | | | ၂၀,၆၉၅,၀၀၀ | | | | |

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
[illegible]
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

# ၂၀၀၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ
# အရအသုံးဆိုင်ရာ ဥပဒေ

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ
# ၂၀၀၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေ
## (နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေ အမှတ် ၄/ ၂၀၀၁)

၁၃၆၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၅ ရက်

(၂၀၀၁ ခုနှစ်၊ မတ်လ ၂၈ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း (၁)

### အမည်နှင့် စတင်အာဏာတည်သည့် နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၀၁ ခုနှစ်၊ နိုင်ငံတော်၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၀၁-၂၀၀၂ ခု ဘဏ္ဍာရေးနှစ်အတွက် ၂၀၀၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

(ဂ) ဤဥပဒေ၏ အပိုင်း ၆ နှင့် အပိုင်း ၇ တို့၌ ပုဒ်မ ၂၄၊ ၂၆၊ ၂၉၊ ၅၅ နှင့် ၅၆ တို့မှအပ ကျန်ပုဒ်မများတွင်ပါရှိသော ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်တို့နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ၂၀၀၁ခုနှစ်၊ ဧပြီလ ,၁ ရက်နေ့မှစ၍ စည်းကြပ်ရမည့် စည်းကြပ်နှစ်မှ စတင်အကျိုးသက်ရောက်စေရမည်။

(ဃ) ဤဥပဒေပုဒ်မ ၂၄၊ ၅၅ နှင့် ၅၆ တို့တွင်ပါရှိသော ကုန်သွယ်လုပ်ငန်းခွန်နှင့် ဝင်ငွေခွန်တို့နှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များတွင် ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတွင် ပို့ကုန်ရောင်းရငွေနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်သည် ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှ လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတွင် ပို့ကုန်ရောင်းရငွေနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များသည် ၂၀၀၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ လည်းကောင်း စတင်အကျိုးသက်ရောက်စေရမည်။

(င) ဤဥပဒေပုဒ်မ ၂၆ တွင် ပါရှိသော ကုန်သွယ်လုပ်ငန်းခွန်နှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်သည် ၂၀၀၀ ပြည့်နှစ်၊ မေလ ၂၆ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

(စ) ဤဥပဒေပုဒ်မ ၂၉ တွင် ပါရှိသော လစာခေါင်းစဉ်မှ ဝင်ငွေနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်သည် ၂၀၀၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

# အပိုင်း (၂)

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း(၁)

## ရငွေများနှင့် သုံးငွေများ

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း ၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူ သုံးစွဲရမည်။

၃။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ နှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်သက်ဆိုင်သည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်း နှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေနှင့် အခန်း (၃) အရ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ထိုသို့ပိုမိုရရှိသော ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့ဖြင့် ကျခံရမည့် လုပ်ငန်းအသုံးစရိတ်များကို ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ခွင့်ပြုနိုင်သည်။ သို့ရာတွင် ထိုသို့ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေဖြင့် မလုံလောက်ပါက ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ ပိုမိုသုံးစွဲခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၅။ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၁-၂၀၀၂ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အခန်း(၂)

## သီးသန့်ရန်ပုံငွေ

၆။ (က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများ နှင့် ဦးစီးဌာနများသည် ဇယား(၄) စာတိုင် ၁၂ တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါ စည်းကမ်းချက်များ နှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သော အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် ကိစ္စဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း၊

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) အစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြရမည်။

၇။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ သော်လည်းကောင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ နိုင်ငံတော်၏ နောက်ထပ်ရငွေသုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၆ ၌ ပါရှိသော စည်းကမ်းချက်များနှင့်ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့်ရန်ပုံငွေနှင့် လုံလောက်ခြင်းမရှိပါက အသုံးစရိတ်တစ်ခုချင်းအတွက် အကျိုးအကြောင်းဖော်ပြချက်များ နှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြတောင်းခံနိုင်သည်။

## အခန်း(၃)

## ငွေချေးယူခြင်း

၈။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အကွက်ဖြစ်စေ၊ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှ ဖြစ်စေ ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ သင့်သည် ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ပေးနိုင်သည်။ ပြန်ဆပ်ရန် ဖြန်ရွေးရန် သို့မဟုတ် အခြားစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၉။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့်ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၀။ အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် လုပ်ငန်းစီမံချက်များအတွက် ပြည်ပမှ ငွေချေးယူနိုင်သည်။

၁၁။ အစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် အစိုးရဌာနတစ်ခုခုအား ပြည်ပမှ ငွေချေးယူခွင့်ပြုနိုင်သည်။

၁၂။ (က) အစိုးရအဖွဲ့သည် ဤအခန်း (၃) ပါ ကိစ္စရပ်များအားလုံးကို ဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် ဤအခန်း (၃) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက် ပေးနိုင်သည်။

၁၃။ ၂၀၀၁ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၀၂ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၃) အရ ငွေချေးစာချုပ်ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံ ရရှိသည့်ငွေ စုစုပေါင်းသည် ကျပ်သန်း ကိုးသောင်း မဟုတ်ထက် မပိုစေရ။

## အပိုင်း (၃)

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့ အစည်းများ

၁၄။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ ရသောရငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၅။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

၁၆။ (က) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်၊ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ သို့ တင်ပြသော ၂၀၀၁-၂၀၀၂ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များ နှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း (၄)

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၁၇။ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ (က) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော

ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသို့ တင်ပြသော ၂၀၀၁-၂၀၀၂ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း များတွင် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ခ) အစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်း ကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၂၀။ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း (၅)

## စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များ

၂၁။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များအား ငွေချေးခြင်း၊ အထောက်အပံ့ပေးခြင်း ပြုနိုင်သည်။

# အပိုင်း (၆)

## ကုန်သွယ်လုပ်ငန်းခွန်

၂၂။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ၏ နောက်ဆက်တွဲဇယား ၇၊ အမှတ်စဉ် ၅ ၏ နောက်တွင် အမှတ်စဉ် ၆၊၇၊၈၊၉ နှင့် ၁၀ တို့အဖြစ် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း ဖြည့်စွက်ရမည်-

| အမှတ်စဉ် | ဝန်ဆောင်မှုအမျိုးအစား | အခြေပြုတွက်ချက်ရမည့်ငွေ | အခွန်ရာခိုင်နှုန်း |
|---|---|---|---|
| ၆ | ခရီးသွားလာရေးလုပ်ငန်း (ခရီးသွားလမ်းညွှန် သက်သက်လုပ်ကိုင်မှုများ အပါအဝင်)။ | ခရီးလှည့်လည်သူထံမှ ရငွေစုစုပေါင်း | ၅ |
| ၇ | မော်တော်ယာဉ် ရေဆေး ဆီထိုးလုပ်ငန်း။ | ပစ္စည်းတန်ဖိုး အပါအဝင် ရငွေ စုစုပေါင်း | ၁၀ |
| ၈ | အသက်အာမခံလုပ်ငန်းမှအပ အခြားအာမခံလုပ်ငန်း။ | ပရီမီယံရငွေ စုစုပေါင်း | ၅ |
| ၉ | ဆံသလုပ်ငန်း၊ ခန္ဓာကိုယ် အလှပြင်နှင့် ပြုပြင်လေ့ကျင့်မှု လုပ်ငန်း။ | ပစ္စည်းတန်ဖိုး အပါအဝင် ရငွေ စုစုပေါင်း | ၅ |
| ၁၀ | ပုံနှိပ်လုပ်ငန်း။ | ပုံနှိပ်ခ ရငွေ စုစုပေါင်း | ၅ |

၂၃။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဇယား ၁ မှ ဇယား ၆ အထိနှင့် ဇယား ၇ အမှတ်စဉ် ၃ တို့တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို ဇယား ၁ မှ ဇယား ၆ အထိ ပါရှိသော ကုန်စည်အမျိုးအစားများကို ထုတ်လုပ်ရောင်းချမှု လုပ်ငန်းတစ်ရပ်ရပ်အတွက် သော်လည်းကောင်း၊ ဇယား ၇ အမှတ်စဉ် ၃ တွင် ပါရှိသော ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းတစ်ရပ်ရပ် အတွက် သော်လည်းကောင်း ရောင်းရငွေ သို့မဟုတ် ရောင်းရငွေစုစုပေါင်းတွင် နိုင်ငံခြားငွေပါဝင်ပါက ယင်းသို့ပါဝင်သည့် နိုင်ငံခြားငွေပမာဏ၏ ၈ ရာခိုင်နှုန်းနှင့်ညီမျှသော ကုန်သွယ်လုပ်ငန်းခွန်ကို ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၄။ ကုန်သွယ်လုပ်ငန်းခွန် ဥပဒေဇယား ၁ မှ ဇယား ၆ အထိနှင့် ဇယား ၇ အမှတ်စဉ် ၃ တို့တွင် မည်သို့ပင်ပြဋ္ဌာန်းပါရှိစေကာမူ မည်သူမဆို ဇယား ၁ မှ ဇယား ၆ အထိ ပါရှိသော ကုန်စည်အမျိုးအစားများကို ထုတ်လုပ်ရောင်းချမှု လုပ်ငန်းတစ်ရပ်ရပ်အတွက် သော်လည်းကောင်း၊ ဇယား ၇ အမှတ်စဉ် ၃ တွင် ပါရှိသော ကုန်စည်ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းတစ်ရပ်ရပ် အတွက် သော်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ၊ ပြည်ထောင်စုမြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံ၊ ပြည်ထောင်စု မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့အကြား နယ်စပ်ကုန်သွယ်မှုတို့တွင် ကျပ်ငွေဖြင့် ပို့ကုန်ရောင်းရငွေရရှိပါက ယင်းရောင်းရငွေ စုစုပေါင်း၏ ၈ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ကျပ်ငွေဖြင့် ပေးဆောင်ရမည်။

၂၅။ ပုဒ်မ ၂၃ နှင့် ၂၄ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ထုတ်ပေးသည့်ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၏ ပို့ကုန်များ၊ လက်ခစားလုပ်ငန်းများ (စီအမ်ပီ) စနစ်ဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများမှ ပြန်လည်တင်ပို့သည့် ပို့ကုန်များ၊ သတ္တု၊ ကျောက်၊ စွမ်းအင်ကဏ္ဍနှင့် သစ်တောကဏ္ဍတို့မှ ပို့ကုန်များကို ပြည်ပသို့ တင်ပို့

ရောင်းချခြင်းမှ ရရှိသည့်ရောင်းရငွေများနှင့် သက်ဆိုင်ခြင်းမရှိစေရ။ သို့ရာတွင် ပြည်တွင်း၌ နိုင်ငံခြားငွေဖြင့် ရောင်းချလျှင်မူ ရောင်းရငွေ၏ ၈ ရာခိုင်နှုန်းကို ကုန်သွယ်လုပ်ငန်းခွန်အဖြစ် ယင်းနိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

၂၆။ မည်သူမဆို ယခင်က ကုန်စည်တစ်မျိုးအတွက် အခွန်ငွေကို နိုင်ငံခြားငွေဖြင့် ပေးဆောင်ခဲ့ပြီးဖြစ်လျှင် အခွန်နှစ်ကြိမ်ပေးဆောင်ရခြင်း မရှိစေရန် အလို့ငှာ ယင်းကုန်စည်အတွက် ပို့ကုန်ရောင်းရငွေအပေါ် နိုင်ငံခြားငွေဖြင့် ကုန်သွယ်လုပ်ငန်းခွန် ထပ်မံစည်းကြပ်ခြင်းမပြုရ။

၂၇။ ပုဒ်မ ၂၃၊၂၄ နှင့် ၂၅ တို့တွင်ပါရှိသော ပြဋ္ဌာန်းချက်များသည် ကုန်သွယ်လုပ်ငန်းခွန် ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ) အရ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အခွန်မစည်းကြပ်ထိုက်သည့် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှု ရငွေပမာဏကို သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။

## အပိုင်း (၇)

## ဝင်ငွေခွန်

### အခန်း (၁)

### အဓိပ္ပာယ်ဖွင့်ဆိုချက်

၂၈။ ဤအပိုင်းတွင် ပါရှိသော စကားရပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဝင်ငွေခွန် ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၂)

## ပုဂ္ဂလိက ဝင်ငွေခွန်နှုန်း

၂၉။ မည်သူ့ကိုမဆို လစာခေါင်းစဉ်မှ ဝင်ငွေအပေါ် အောက်ပါဇယားတွင် ဖော်ပြထားသည့်အတိုင်း အခွန်စည်းကြပ်ရမည်–

| အမှတ်စဉ် | သတ်မှတ်ထားသော သက်သာခွင့်များ ခုနှိမ်ပြီးနောက် ကျန်လစာဝင်ငွေအပေါ် အခွန်စည်းကြပ်ရန် ဝင်ငွေအလွှာ | | စည်းကြပ်ရန် အခွန်နှုန်း |
|---|---|---|---|
| | မှ | ထိ | |
| | ကျပ် | ကျပ် | |
| ၁ | ၁ | ၅၀၀၀ | ၃ ရာခိုင်နှုန်း |
| ၂ | ၅၀၀၁ | ၁၀၀၀၀ | ၅ ရာခိုင်နှုန်း |
| ၃ | ၁၀၀၀၁ | ၂၀၀၀၀ | ၇ ရာခိုင်နှုန်း |
| ၄ | ၂၀၀၀၁ | ၃၀၀၀၀ | ၁၀ ရာခိုင်နှုန်း |
| ၅ | ၃၀၀၀၁ | ၅၀၀၀၀ | ၁၂ ရာခိုင်နှုန်း |
| ၆ | ၅၀၀၀၁ | ၇၀၀၀၀ | ၁၅ ရာခိုင်နှုန်း |
| ၇ | ၇၀၀၀၁ | ၉၀၀၀၀ | ၁၆ ရာခိုင်နှုန်း |
| ၈ | ၉၀၀၀၁ | ၁၁၀၀၀၀ | ၁၇ ရာခိုင်နှုန်း |
| ၉ | ၁၁၀၀၀၁ | ၁၅၀၀၀၀ | ၁၈ ရာခိုင်နှုန်း |
| ၁၀ | ၁၅၀၀၀၁ | ၂၀၀၀၀၀ | ၁၉ ရာခိုင်နှုန်း |
| ၁၁ | ၂၀၀၀၀၁ | ၃၀၀၀၀၀ | ၂၀ ရာခိုင်နှုန်း |
| ၁၂ | ၃၀၀၀၀၁ | ၅၀၀၀၀၀ | ၂၂ ရာခိုင်နှုန်း |
| ၁၃ | ၅၀၀၀၀၁ နှင့်အထက် | | ၃၀ ရာခိုင်နှုန်း |

၃၀။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များ မနုတ်မီ ပြည်ပနေ နိုင်ငံသား၏ ပြည်ပမှရရှိသည့် နိုင်ငံခြားငွေဖြင့် စုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ရမည်။

၃၁။ နိုင်ငံခြားသားတစ်ဦးသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ရပ်ရပ်၌ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်ခြင်းဖြစ်လျှင် ယင်းကိစ္စ နှင့်စပ်လျဉ်း၍ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များ မနုတ်မီ ထိုသူရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်း ဝင်ငွေအပေါ် ၂၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ရမည်။

၃၂။ နိုင်ငံခြား၌ ဖွဲ့စည်းထားသော ပုဂ္ဂိုလ်စုသည် နိုင်ငံတော်၏ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်းလုပ်ငန်း သို့မဟုတ် ဆောင်ရွက်မှု တစ်ရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင် ဆောင်ရွက်ခြင်းဖြစ်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ထိုပုဂ္ဂိုလ်စုရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေ အပေါ် ၃၀ ရာခိုင်နှုန်းဖြင့် စည်းကြပ်ရမည်။

၃၃။ မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရဖြစ်စေ၊ ၁၉၅၀ ပြည့်နှစ် အထူး ကုမ္ပဏီအက်ဥပဒေအရဖြစ်စေ မြန်မာနိုင်ငံ၌ မှတ်ပုံတင်၍ တည်ထောင်သည့် ကုမ္ပဏီဖြစ်လျှင် ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ယင်းကုမ္ပဏီကရရှိသည့် ကျပ်ငွေဖြင့် စုစုပေါင်းဝင်ငွေအပေါ် ၃၀ ရာခိုင်နှုန်း ဖြင့် စည်းကြပ်ရမည်။

